ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၂ )　　　၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၉ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၅ |
| ၂။ | နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဌာန်းခြင်း။ | ၆-၇ |
| ၃။ | အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၈-၉ |
| ၄။ | ပလပ်စတစ်ညစ်ညမ်းမှုကို အဆုံးသတ်စေခြင်းဆိုင်ရာသဘောတူစာချုပ် (မူကြမ်း)ကို ကမ္ဘာ့ကုလသမဂ္ဂ၏အဖွဲ့ဝင်နိုင်ငံအများအပြားမှ ပယ်ချခဲ့ခြင်း။ | ၁၀-၁၁ |
| ၅။ | အိန္ဒိယနိုင်ငံတွင် အွန်လိုင်းဂိမ်းကစားခြင်းနှင့်စပ်လျဉ်းသည့်ဥပဒေသစ်တစ်ရပ် ထုတ်ပြန်ခြင်း။ | ၁၂-၁၃ |
| ၆။ | လာမည့် ၃ နှစ်အတွင်း အိန္ဒိယနိုင်ငံတွင် ဥပဒေကောလိပ်အသစ်တည်ထောင်မှု တရားဝင်ဆိုင်းငံ့ခြင်းအကြောင်း သိကောင်းစရာ။ | ၁၄-၁၆ |
| ၇။ | ဩစတြေးလျနိုင်ငံ၏ စားသုံးသူကာကွယ်ရေးအဖွဲ့မှ Google ကို ယှဉ်ပြိုင်မှုကန့်သတ်ခြင်းအတွက် ဒဏ်ငွေသတ်မှတ်ခြင်း။ | ၁၇-၁၈ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ သိကောင်းစရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရန် အလို့ငှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပါသည်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၏ အခန်း(၁၃)တွင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များကို ပုဒ်မ ၅၇ မှ ပုဒ်မ ၆၅ အထိပြဋ္ဌာန်းထားပြီး ပုဒ်မ ၅၇ မှ ၆၃ ပါ ပြစ်မှုများကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဖြစ်ကြောင်းနှင့် ပုဒ်မ ၆၄ ပါပြစ်မှုများကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းကို တားဆီးနှောင့်ယှက်ခြင်းမှ ကာကွယ်ရန်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမကျင်းပမီ စည်းရုံးရေးကာလအတွင်း ဥပဒေနှင့်အညီမဲဆွယ်စည်းရုံးမှုများကို နှောင့်ယှက်ဟန့်တားခြင်းမှကာကွယ်ရန်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း လုံခြုံစိတ်ချစွာဖြင့် လွတ်လပ်စွာ ဆန္ဒမဲပေးရေးကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်းတို့မှ ကာကွယ်ရန်၊ မဲရုံနှင့်မဲရုံအတွင်း တာဝန်ကျ သူများလုံခြုံမှုအပြည့်အဝဖြင့် တာဝန်ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

ဤဥပဒေ၏အခန်း (၆) တွင် ပုဒ်မ ၁၆ မှ ပုဒ်မ ၂၂ အထိ တားမြစ်ချက်များကို ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၆ တွင် မည်သူမျှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကိုဖြစ်စေ သို့မဟုတ် လုပ်ငန်းစဉ်၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပျက်ပြားစေရန် ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း သို့မဟုတ် စာရေးသားဖြန့်ချိခြင်းတို့ကို မည်သည့်နည်းနှင့်မျှ မပြုရဟု ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေ၏ ပုဒ်မ ၁၇ တွင် မည်သူမျှ မဲဆန္ဒရှင်တစ်ဦးဦးကို ဆန္ဒမဲမပေးနိုင်စေရန်အတွက် လည်းကောင်း၊ ပုဒ်မ ၁၈ တွင် မည်သူမျှ ရွေးကောက်ပွဲကာလအတွင်း မဲရုံမှူးကိုဖြစ်စေ၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲမှတာဝန်ပေးအပ်ထားသူတစ်ဦးဦးကိုဖြစ်စေ ယင်း၏တာဝန်ဝတ္တရားများမထမ်းဆောင်နိုင်စေရန်လည်းကောင်း၊ ပုဒ်မ ၁၉ တွင် မည်သူမျှ ရွေးကောက်ပွဲ ကာလအတွင်း ရွေးကောက်ပွဲကော်မရှင်၊ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးဦးကို ယင်း၏ တာဝန်ဝတ္တရားများမထမ်းဆောင်နိုင်စေရန်လည်းကောင်း၊ ပုဒ်မ ၂၀ တွင် မည်သူမျှ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးဦးက ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် လည်းကောင်း ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ မလျော်ဩဇာသုံးခြင်း၊ မိမိအလိုအလျောက်နာကျင်စေခြင်း၊ မိမိ အလိုအလျောက် အပြင်းအထန်နာကျင်စေခြင်းပြုလုပ်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေမပြုရဟု ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေ၏ ပုဒ်မ ၂၁ တွင် မည်သူမျှ ဆန္ဒမဲလက်မှတ်၊ မဲပုံး၊ မဲပေးစက်၊ စက်ပစ္စည်း ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကို မည်သည့်နည်းဖြင့်မဆို မိမိအလိုအလျောက်ဖျက်ဆီးခြင်း၊ ပျက်စီးအောင် ပြုလုပ်ခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်းကိုမပြုရဟု ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေ၏ ပုဒ်မ ၂၂ တွင် မည်သူမျှ ရွေးကောက်ပွဲကော်မရှင်ရုံး သို့မဟုတ် ကော်မရှင် အဖွဲ့ခွဲရုံးကိုဖြစ်စေ၊ မဲရုံ သို့မဟုတ် မဲရုံအဖြစ်အသုံးပြုသည့်အဆောက်အဦကိုဖြစ်စေ၊ မဲလက်မှတ်၊ မဲပုံး၊ မဲပေးစက်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုထိန်းသိမ်းထားသည့်အဆောက်အဦကို

ဖြစ်စေ မည်သည့်နည်းဖြင့်မဆို ဖျက်ဆီးခြင်း၊ ပျက်စီးအောင်ပြုလုပ်ခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်းကိုမပြုရဟု ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေ၏ အခန်း (၇) တွင် ပုဒ်မ ၂၃ မှ ပုဒ်မ ၂၈ အထိ ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားပြီး တားမြစ်ချက်များကိုဖောက်ဖျက်ကျူးလွန်ပါက အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်ဆယ်အထိ ချမှတ်၍ရကြောင်းနှင့် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း၊ ယင်းတားမြစ်ချက်များကိုလူစုလူဝေးဖြင့်ဖောက်ဖျက်ကျူးလွန်ပါက အနည်းဆုံးထောင်ဒဏ်ငါးနှစ်မှအများဆုံးထောင်ဒဏ်တစ်သက်အထိချမှတ်၍ရကြောင်းနှင့် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း၊ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာ၌ တစ်ဦးတစ်ယောက်ကိုသေဆုံးမှုဖြစ်စေလျှင် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူအသီးသီးကို သေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ဤဥပဒေ၏ ပုဒ်မ ၃၀ တွင် ဤဥပဒေအရတရားစွဲဆိုရာတွင် လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ၏ကြိုတင်ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်းနှင့် ပုဒ်မ ၃၁ တွင် တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်လျှင် ဤဥပဒေဖြင့်သာအရေးယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် ရွေးကောက်ပွဲမကျင်းပမီလည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပပြီးနောက်လည်းကောင်း ဖြစ်ပေါ်လာသော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေတွင် အထွေထွေရွေးကောက်ပွဲများမဖြစ်မြောက်စေရန်၊ ပျက်စီးစေရန် နှောင့်ယှက်ဟန့်တားဖျက်ဆီးသည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေတွင်ပြဋ္ဌာန်းပါရှိသောပြစ်ဒဏ်များသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင်ပြဋ္ဌာန်းပါရှိသော ရွေးကောက်ပွဲဆိုင်ရာပြစ်ဒဏ်များထက် ပိုမိုများပြားပြီး ပြစ်မှုကျူးလွန်ရာ၌ တစ်ဦးတစ်ယောက်ကိုသေဆုံးမှုဖြစ်စေလျှင် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူတိုင်းကို သေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**နိုင်ငံတစ်ဝန်း၌** ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများဆောင်ရွက်စဉ် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများပေါ်ပေါက်လာပါက ယင်းပြစ်မှုများသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသော ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ခြင်းဖြစ်လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဖော်ပြပါရှိစေကာမူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့်သာအရေးယူရမည်ဖြစ်ကြောင်းနှင့် တရားစွဲဆိုရာတွင် **လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သို့မဟုတ် ယင်းကတာဝန်လွှဲအပ်ပေးထားသော ဒေသဆိုင်ရာကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း** လေ့လာသိရှိရပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းခြင်း

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၉/၂၀၁၀ ဖြင့် ၂၁-၁၀-၂၀၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၁၁-၈-၂၀၂၅ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ဥပဒေအမှတ် ၂/၂၀၂၅ ဖြင့် ယင်းဥပဒေ၏ ပုဒ်မ ၃ နှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) တို့ကိုပြင်ဆင်၍ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေတွင် "နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၈၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော အထိမ်းအမှတ်တံဆိပ်ပုံသဏ္ဌာန်ပါဝင်သည့်တံဆိပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မည်သည့်အရာဝတ္ထုဖြင့်မဆို ပြုလုပ်ထားသည့် သို့မဟုတ် မည်သည့်အရာဝတ္ထုပေါ်တွင်မဆို ဖော်ပြထားသည့် အဆိုပါအထိမ်းအမှတ်ပုံသဏ္ဌာန်ပါဝင်သောတံဆိပ်တစ်ခုလုံးဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုဖြစ်စေ ပါဝင်သည်။"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပြီး ပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ ၃ ဖြင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါအမှတ်အသားများနှင့်ယင်းတို့၏အဓိပ္ပာယ်များကို ပိုမိုလေးနက်ထင်ရှားစေရန်ပြင်ဆင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အလယ်ရှိ မြန်မာနိုင်ငံတော်မြေပုံ၏တစ်ဖက်တစ်ချက်စီတွင် ပါရှိသောသပြေခက်များသည် အောင်အတိတ် အောင်နိမိတ်ဆောင်ခြင်းကို ကိုယ်စားပြုကြောင်းနှင့် အထိမ်းအမှတ်တံဆိပ်ပါ ကေသရာဇာခြင်္သေ့တို့သည် အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ရဲရင့်ခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ဘေးအန္တရာယ်ဟူသမျှကို ကြီးသည်ငယ်သည်မဟူ တူညီသောအားထုတ်မှုဖြင့် နှိမ်နင်းခြင်းဟူသောအဓိပ္ပာယ်ကိုကိုယ်စားပြုပြီး ခြင်္သေ့နှစ်စီးကို နိုင်ငံတော်မြေပုံ၏တစ်ဖက်တစ်ချက်တွင်ရံထားခြင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းကြောင်းဖြင့်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ထိပ်တွင် ကြယ်လက်တံငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့မတ်မတ်ညွှန်းလျက်ရှိပြီး ကြယ်သည် ကိုယ်ပိုင်ပကတိအလင်းရောင်ဖြင့်ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်

အခြားအာဏာပိုင်လွှတ်လပ်သည့်နိုင်ငံအဖြစ်ရပ်တည်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရှိပန်းခက်ပြားများသည် မြန်မာတို့၏ယဉ်ကျေးမှုအမွေအနှစ်မြင့်မားခြင်းနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့်ရပ်တည်ခြင်းဟူသော အဓိပ္ပာယ်ကိုဖော်ညွှန်းကြောင်း ပြဋ္ဌာန်းထားပြီး အထိမ်းအမှတ်တံဆိပ်ပါအရောင်များကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)ပါ“ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း” ဆိုသည့်စကားရပ်ကို “ပြောင်းလဲစေရန်ပြင်ဆင်၍ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြဋ္ဌာန်းခဲ့ရာ သတ်မှတ်ထားသော နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကိုပြောင်းလဲစေရန် ပြင်ဆင်၍ အသုံးပြုလျှင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေပုဒ်မ ၇ အရ ထောင်ဒဏ် ၃ နှစ်အထိ အရေးယူအပြစ်ပေးခံရနိုင်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေသည် မူလဥပဒေကိုပိုမိုကောင်းမွန်စေရန်နှင့်ပြည့်စုံစေရန်ရည်ရွယ်၍ ပြင်ဆင်ခဲ့ကြောင်းတွေ့ရှိရပြီး နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါအမှတ်အသားများ၏အဓိပ္ပာယ်အသေးစိတ်၊ အရောင်နှင့်အလင်းစံသတ်မှတ်ချက်များကိုပါထည့်သွင်းပြဋ္ဌာန်းခဲ့သဖြင့် မိမိတို့အသုံးပြုလျက်ရှိသော နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါအမှတ်အသားတို့၏အဓိပ္ပာယ်များကို နိုင်ငံသားတိုင်းသိရှိစေနိုင်ပြီး နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အား ပြောင်းလဲစေရန်ပြင်ဆင်၍အသုံးမပြုရန် တားမြစ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းသည့်အမိန့်ကြော်ငြာစာနှင့်စပ်လျဉ်း၍ သိကောင်းစရာ**

အမျိုးသားစီမံကိန်းဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို ၈-၈-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၂၅ ဖြင့် ဖွဲ့စည်းထုတ်ပြန်ခဲ့ပါသည်။

ယင်းကော်မတီကို အမျိုးသားစီမံကိန်းဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများအကြား လုပ်ငန်းဆောင်ရွက်ရာတွင်မှန်ကန်ပြီး မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ဖွဲ့စည်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာအရ ဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၉ ဦးဖြင့်ဖွဲ့စည်းထားကြောင်းနှင့် ယင်းကော်မတီ၏လုပ်ငန်းတာဝန်များအနေဖြင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနအောက်ရှိ ဌာန၊အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေနှင့် အညီဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များတိကျစွာသတ်မှတ်ပေးခြင်း၊ နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ၊ အခြားဌာနဆိုင်ရာလုပ်ငန်းများ၊ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်း သဘာဝနှင့်လျော်ညီစွာစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စီမံကိန်း လျာထားရန် အဆိုပြုချက်များကို အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုပြုလုပ်ခြင်း၊ ဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို ဘဏ္ဍာရေးနှစ်၏လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့် ရာထူးတိုးမြှင့်ခြင်း၊ အပြစ်ပေးအရေးယူခြင်း တို့ကို စနစ်တကျကြီးကြပ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ နှင့်အညီ စိစစ်ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက်ကျင်းပမည်ဖြစ်ပြီး အမျိုးသားစီမံကိန်းဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက

ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီသို့ အမှာစာများတင်ပြရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယင်းကော်မတီဖွဲ့စည်းခြင်းဖြင့် ဌာနတွင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်မြန်ဆန်ပြီး လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊<br>
အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများစိစစ်ရေးဌာနခွဲ<br>
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : အမျိုးသားစီမံကိန်းဝန်ကြီးဌာန

## ပလပ်စတစ်ညစ်ညမ်းမှုကိုအဆုံးသတ်စေခြင်းဆိုင်ရာသဘောတူစာချုပ် (မူကြမ်း)ကို ကမ္ဘာ့ကုလသမဂ္ဂ၏အဖွဲ့ဝင်နိုင်ငံအများအပြားမှ ပယ်ချခဲ့ခြင်း

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ နီးပါးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သောစာချုပ်တစ်ရပ်ဖြစ်သည့် ပလပ်စတစ်ညစ်ညမ်းမှုကိုအဆုံးသတ်စေခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်မူကြမ်းကို ၁၃-၈-၂၀၂၅ ရက်နေ့တွင် ပယ်ချခဲ့ပါသည်။ ပလပ်စတစ် ညစ်ညမ်းမှုများကို အစိုးရများကြားဆွေးနွေးညှိနှိုင်းခြင်းကော်မတီ၏ နာယကဖြစ်သူ Luis Vayas Valdivieso က ဆွစ်စလန်နိုင်ငံ၊ ဂျီနီဗာတွင်ပြုလုပ်သောဆွေးနွေးပွဲ၏ နောက်ဆုံးအစီအစဉ်တွင် သဘောတူစာချုပ်မူကြမ်းအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၈၄ နိုင်ငံသို့တင်ပြခဲ့ခြင်းဖြစ်ပါသည်။

သဘောတူစာချုပ်နှင့်စပ်လျဉ်း၍ နိုင်ငံအများစုမှ ခိုင်မာအားကောင်းသောအဆိုပြုချက်များဖြင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ကြပြီးနောက် အဆိုပါသဘောတူစာချုပ်ကို ပယ်ချခဲ့ခြင်း ဖြစ်ပါသည်။ ဆွေးနွေးပွဲသို့တက်ရောက်လာသော ဥရောပနိုင်ငံများမှကိုယ်စားလှယ်များက အဆိုပြုထားသော အချက်အလက်များသည် လက်တွေ့ရင်ဆိုင်နေရသောစိန်ခေါ်မှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက် နိုင်ခြင်းမရှိကြောင်း ဖော်ပြခဲ့ကြပါသည်။ သဘောတူစာချုပ်(မူကြမ်း)သည် ပလပ်စတစ်ထုတ်ကုန် များကိုကန့်သတ်မှုမရှိခြင်း၊ ပလပ်စတစ်ထုတ်ကုန်များတွင်ပါဝင်သည့် ဓာတုပစ္စည်းများနှင့်သက်ဆိုင်သော စည်းမျဉ်းသတ်မှတ်ချက်များပါဝင်ခြင်းမရှိခြင်းတို့ကြောင့် ဝေဖန်မှုများ မြင့်တက်နေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

လောင်စာဆီနှင့်ပလပ်စတစ်ထုတ်လုပ်သောနိုင်ငံများဖြစ်သည့် ဆော်ဒီအာရေးဗျနိုင်ငံ၊ ရုရှား နိုင်ငံ၊ အီရန်နိုင်ငံနှင့်မော်ရိုကိုနိုင်ငံများက ပလပ်စတစ်သည် စီးပွားရေးစဉ်ဆက်မပြတ်တိုးတက်ရေး အတွက် အခြေခံကျသောကုန်ပစ္စည်းများဖြစ်သဖြင့် ပလပ်စတစ်ကာကွယ်ရေးကန့်သတ်ချက်များ အပေါ်သဘောမတူညီကြောင်း၊ သဘောတူစာချုပ်သည် သဘာဝပတ်ဝန်းကျင်အန္တရာယ်ကင်းရှင်းရေး နှင့်ပလပ်စတစ်အမှိုက်များကို ကောင်းမွန်စွာစီမံခန့်ခွဲ၍ အဆိပ်အတောက်ဖြစ်စေသော ပလပ်စတစ် ညစ်ညမ်းမှုကိုလျော့ချနိုင်ရေးကို မြှင့်တင်ပေးသင့်ကြောင်း အဆိုပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။

နိုင်ငံပေါင်း ၁၀၀ နီးပါးမှလည်း အဆိပ်အတောက်ဖြစ်စေသော ဓာတုဗေဒပစ္စည်းများလျှော့ချရေးသည် အရေးကြီးသောပြဿနာတစ်ရပ်ဖြစ်ကြောင်းနှင့် အများလက်ခံနိုင်သည့် ပြန်လည်အသုံးပြုနိုင်မည့်နည်းလမ်းများကို ရှာဖွေသင့်ကြောင်း တောင်းဆိုခဲ့ကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအစီရင်ခံစာများအရ နှစ်စဉ် ပလပ်စတစ်ထုတ်လုပ်မှုသည် ၄၀၀ မီလီယမ်မြင့်တက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုဆွေးနွေးခဲ့သောသဘောတူစာချုပ်သည် ၃ နှစ်ကြာဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် “ပလပ်စတစ်ညစ်ညမ်းမှု”ကဲ့သို့သော ဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် မူဝါဒအကောင်အထည်ဖော်ရေးစသည့် အငြင်းပွားမှုများ ဆက်လက်တည်ရှိနေသေးခြင်းဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/08/un-majority-rejects-draft-of-treaty-to-end-plastic-pollution/

## အိန္ဒိယနိုင်ငံတွင်အွန်လိုင်းဂိမ်းကစားခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေသစ်တစ်ရပ် ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ဒီဂျစ်တယ်အုပ်ချုပ်မှုဆိုင်ရာကဏ္ဍတွင် သိသာထင်ရှားသော ဥပဒေပြုရေးမှတ်တိုင်တစ်ရပ်အဖြစ် "၂၀၂၅ ခုနှစ်၊ အွန်လိုင်းဂိမ်းကစားခြင်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်းနှင့်မြှင့်တင်ရေးအက်ဥပဒေ(The Promotion and Regulation of Online Gaming Act,2025)" ကို ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါအက်ဥပဒေမူကြမ်းကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် မီးရထား၊ သတင်းအချက်အလက်နှင့်အသံလွှင့်ထုတ်ပြန်ရေး၊ အီလက်ထရွန်းနစ်နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးက လွှတ်တော်သို့ အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေမူကြမ်းအား အဆိုပြုတင်သွင်းရာတွင် နိုင်ငံအတွင်းငွေကြေးဖြင့် အွန်လိုင်းဂိမ်းကစားခြင်းကို တားမြစ်ရန်သာမက ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးတိုးတက်မှုကဏ္ဍအတွက် စည်းကမ်းသတ်မှတ်ရန်၊ မြှင့်တင်ရန်၊ အားပေးရန်နှင့် နိုင်ငံသားများအားလုံးအတွက်ဘေးကင်းပြီး တာဝန်ယူမှုရှိသော ဒစ်ဂျစ်တယ်ပတ်ဝန်းကျင်တစ်ရပ် ထူထောင်နိုင်ရန်အတွက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပဒေမူကြမ်းကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင်အဆိုပြုတင်သွင်းခဲ့ပြီး အငြင်းပွားမှုတစ်စုံတစ်ရာမရှိဘဲ ၂၀၂၅ ခုနှစ် ဩဂုတ်လ၂၂ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

အက်ဥပဒေ၏ရည်ရွယ်ချက်မှာ အွန်လိုင်းဂိမ်းကဏ္ဍတွင် ဆန်းသစ်တီထွင်မှုကိုမြှင့်တင်ခြင်းနှင့် ငွေကြေးဖြင့် အွန်လိုင်းဂိမ်းကစားခြင်း၏အန္တရာယ်ရှိသော သက်ရောက်မှုများကို တားဆီးခြင်းတို့အကြား ဟန်ချက်ညီမှုရှိစေရေးအတွက်ဖြစ်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များသည် လူတစ်ဦးချင်း အထူးသဖြင့် လူငယ်များနှင့် ထိခိုက်လွယ်သောလူများအား ယင်းဂိမ်းများ၏ ဆိုးရွားသောလူမှုရေး၊ စီးပွားရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ဆက်စပ်၍ ဆိုးရွားသည့်သက်ရောက်မှုများမှ ကာကွယ်ရန်အဓိကထား၍ ပြဋ္ဌာန်းထားပါသည်။

အဆိုပါအက်ဥပဒေသည် ဥပဒေအရတရားဝင်သော ဒစ်ဂျစ်တယ်နည်းကိုအသုံးပြုသည့် E-Sport နှင့် ပညာရေးဆိုင်ရာအွန်လိုင်းအားကစားဂိမ်းကိုခွင့်ပြုထားပြီး ယင်းအွန်လိုင်းအားကစားနည်းများနှင့်စပ်လျဉ်းသည့်ဆန်းသစ်တီထွင်မှုများကို ခွင့်ပြုပေးထားပါသည်။ သို့ရာတွင် အသုံးပြုသူများကိုငွေပေးမည် သို့မဟုတ် ငွေကြေး သို့မဟုတ် အခြားကြွယ်ဝမှုတစ်ခုခုလက်ခံရရှိနိုင်မည်ဆိုသည့် မျှော်လင့်ချက်များအတွက် လောင်းကြေးပါဝင်သောငွေကြေးဖြင့်အွန်လိုင်းဂိမ်းကစားခြင်းကို တင်းကြပ်စွာတားမြစ်ထားပါသည်။ ထို့ပြင် ငွေကြေးဖြင့် အွန်လိုင်းဂိမ်းကစားရန် ကမ်းလှမ်းခြင်း သို့မဟုတ် ကူညီဆောင်ရွက်ပေးခြင်း၊ မီဒီယာတစ်ခုခုမှတစ်ဆင့် အဆိုပါဂိမ်းများကိုကြော်ငြာခြင်း သို့မဟုတ် တိုက်တွန်းပြောဆိုခြင်းအပြင် အဆိုပါအွန်လိုင်းဂိမ်းဝန်ဆောင်မှုများနှင့်ဆက်စပ်သည့် ငွေကြေးလွှဲပြောင်းခြင်းလုပ်ငန်းများကိုလည်း တင်းကြပ်စွာ တားမြစ်ထားကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.scconline.com/blog/post/2025/08/24/promotion-regulation-online-gaming-act-2025-legal-reform/
- https://www.scconline.com/blog/post/2025/08/22/promotion-and-regulation-of-online-gaming-bill-2025/

## လာမည့် ၃ နှစ် အတွင်း အိန္ဒိယနိုင်ငံတွင် ဥပဒေကောလိပ်အသစ်တည်ထောင်မှု တရားဝင်ဆိုင်းငံ့ခြင်း အကြောင်းသိကောင်းစရာ

အိန္ဒိယနိုင်ငံတွင် ဥပဒေဆိုင်ရာပညာရေးနှင့်လေ့ကျင့်ရေးကိုထိန်းချုပ်နိုင်သော ဥပဒေအရ ဖွဲ့စည်းထားသည့် The Bar Council of India (BCI) သည် ဥပဒေကောလိပ်နှင့် ဥပဒေဆိုင်ရာ ပညာရေးစင်တာအသစ်များတည်ထောင်မှုကို ၃ နှစ်ဆိုင်းငံ့ကြောင်း ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် ဤကဲ့သို့ဥပဒေဆိုင်ရာပညာရေးအပေါ်စိစစ်ခြင်းက ၁၉၉၀ ဝန်းကျင်၌ The Yash Pal Committee and the National Knowledge Commission က ဥပဒေဆိုင်ရာပညာရေး အပါအဝင် အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာပညာရပ်များနှင့်စပ်လျဉ်း၍ သတိပေးမှုတစ်ကြိမ်ပြုလုပ် ခဲ့ပါသည်။ သတိပေးမှုများကိုပြုလုပ်ခဲ့သော်လည်း ထိန်းချုပ်မှုဆိုင်ရာလိုအပ်ချက်များကြောင့် ကျေးလက် ဒေသများနှင့် ဖွံ့ဖြိုးမှုအလယ်အလတ်အဆင့်ရှိသည့်မြို့ပြများတွင် အရည်အချင်းပြည့်မီသည့် ပညာရေး ပေးအပ်နိုင်ခြင်းမရှိသော ဥပဒေကောလိပ်များပေါ်ပေါက်လာခဲ့ပါသည်။ ထို့သို့ ဆိုင်းငံ့မှုပြုလုပ်ခြင်းသည် ဥပဒေဆိုင်ရာပညာရေးနှင့်စပ်လျဉ်း၍ ပထမဆုံးအကြိမ်ပြုလုပ်ခြင်းမဟုတ်သည်ကို တွေ့ရှိရပါသည်။

ဥပဒေကောလိပ်အသစ်များတည်ထောင်မှုကို ဆိုင်းငံ့ရသည့်အကြောင်းပြချက်များမှာ အရေ အတွက်များပြားပြီး အရည်အချင်းဆိုင်ရာပြဿနာများရှိလာခြင်းနှင့် လုပ်ငန်းခွင်နှင့်ကိုက်ညီမှု မရှိခြင်း၊ ဘွဲ့ရများပြားနေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အရေအတွက်များပြားပြီး အရည်အချင်းဆိုင်ရာပြဿနာများရှိလာခြင်းမှာ အိန္ဒိယနိုင်ငံတွင် ၂၂-၈-၂၀၂၅ အထိ ဥပဒေကောလိပ် စုစုပေါင်း ခန့်မှန်း ၁၇၀၀ ကျော်ရှိပြီး၊ နှစ်စဉ် ဘွဲ့ရရှိသူ ၈၀,၀၀၀ မှ ၉၀,၀၀၀ အထိရှိနေပါသည်။ သီအိုရီအရ အသက်မွေးဝမ်းကြောင်းပြုသူများ၏ကျယ်ပြန့်စွာလေ့လာခြင်းမှ တစ်ဆင့် ဒီမိုကရေစီစနစ်ဆိုင်ရာ၊ ဥပဒေအသိပညာလက်လှမ်းမီမှုဆိုင်ရာနှင့် တရားမျှတမှုဆိုင်ရာ အောင်မြင်ခြင်းတစ်ခုဖြစ်သင့်ပါသည်။ သို့သော် လက်တွေ့တွင် ကောလိပ်အများစုသည် ဆိုင်းဘုတ်

တပ်ထားသည့်စာသင်ခန်းများ ပိုမိုများပြားနေရုံမျှသာ ဖြစ်နေပါသည်။ အဆိုပါကောလိပ်များတွင် အမည်ခံသာရှိသောစာကြည့်တိုက်များ (Skeletal libraries)၊ သရုပ်ပြတရားခွင်များမရှိခြင်း (non-existent moot courts)နှင့် ဌာနများသည် မကြာခဏဆိုသလို အချိန်ပိုင်းအလုပ်တစ်ခုအဖြစ်သာ သင်ကြားမှုပြုလုပ်ကြပါသည်။

BCI နှင့် လွတ်လပ်သောကော်မရှင်တို့က ပြုလုပ်ထားသည့်များစွာသောစစ်တမ်းများက ဥပဒေကောလိပ်အများစုသည် ထိရောက်သောသင်ကြားမှုပေးသည့်ဌာနများထက် ဘွဲ့ရောင်းသည့်ဆိုင်များ (degree shops) ကဲ့သို့ဆောင်ရွက်နေသည်ဟု ဖော်ပြခဲ့ကြသည်။ ၎င်းတို့တွင် အချိန်ပြည့်အရည်အချင်းပြည့်မီသောဌာနများမရှိခြင်း၊ စာကြည့်တိုက်များတွင် စာအုပ်မပြည့်စုံခြင်းနှင့် လက်တွေ့ဥပဒေဆိုင်ရာသင်တန်းများမရှိခြင်းစသည်တို့ကို တွေ့ရှိရပါသည်။ အကျိုးဆက်အားဖြင့် ဘွဲ့လက်မှတ်ကိုင်ဆောင်ထားသူများသည် မကြာခဏဆိုသလို တရားရုံးများ၊ ကောပိုရိတ်အဖွဲ့များအပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်ရာ၌ ပြင်ဆင်မှုအားနည်းနေသည်ကို တွေ့ရှိရပါသည်။

လုပ်ငန်းခွင်နှင့်ကိုက်ညီမှုမရှိခြင်း၊ ဘွဲ့ရများပြားနေခြင်းမှာ နှစ်စဉ်နှစ်တိုင်း National Law Universities မှ ဘွဲ့ရရှိသူများက ကော်ပိုရိတ်ဘုတ်အဖွဲ့အစည်းရုံးခန်း၌ တောက်တိုမယ်ရ အလုပ်ဖြင့်စတင်ကြရပါသည်။ အလုပ်သင်ရှေ့နေအဖြစ်လေ့ကျင့်ခြင်းအဆင့်မှစ၍ ခရိုင်တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ရန် ယောင်လည်လည်ဖြစ်နေသူများ၊ အမှုရှာရန်ကြိုးပမ်းနေသူများ၊ ဘွဲ့နှင့်သက်ဆိုင်ခြင်းမရှိသောအလုပ်များ သို့မဟုတ် အကြွေးအတွက် ဘွဲ့နှင့်ကိုက်ညီမှုမရှိသောအလုပ်များ လုပ်ကိုင်ကြသူ ထောင်ပေါင်းများစွာရှိကြပါသည်။ အလုပ်အကိုင်မရှိသောဥပဒေဘွဲ့ရများ များပြားနေခြင်းသည်လည်း အသက်မွေးဝမ်းကြောင်းမှု၏လျှို့ဝှက်ချက်တစ်ရပ် ဖြစ်လာပါသည်။

အထက်ပါအကြောင်းပြချက်များကြောင့် ဥပဒေကောလိပ်အသစ်များတည်ထောင်မှုကို ဆိုင်းငံ့ထားစဉ်အတွင်း ပြုပြင်ပြောင်းလဲရေးအတွက် BCI သည် အောက်ပါအချက်များကိုပြုလုပ်ရန် ရည်ရွယ်ထားပါသည်။ ၎င်းတို့မှာ -

- အခြေခံအဆောက်အဦ၊ ဌာနနှင့် စံနှုန်းပြည့်မီသော သင်ရိုးညွှန်းတမ်းများဖြစ်စေရေး အတွက် လက်ရှိ ကောလိပ်များကို စိစစ်ရန်၊
- အနိမ့်ဆုံးသော၊ လိုအပ်ချက်မပြည့်မီသောအဖွဲ့အစည်းနှင့် ဌာနများအပေါ် ပိုမို တင်းကျပ်သော စည်းကမ်းချက်များချမှတ်ရန်၊
- သရုပ်ပြတရားခွင်များ၊ စာတွေ့လက်တွေ့သင်တန်းများ (internships) နှင့် လက်တွေ့ ဥပဒေဆိုင်ရာပညာရေး (clinical legal education) အပါအဝင် လက်တွေ့သင်တန်း များကို အားပေးရန် နှင့်
- ဆိုက်ဘာဥပဒေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း နှင့် ဉာဏ်ရည်တု(AI) ဆိုင်ရာ ဥပဒေကဲ့သို့ လတ်တလောလိုအပ်သည့်ဘာသာရပ်များနှင့်ကိုက်ညီသော ခေတ်မီသည့် သင်ရိုးညွှန်းတမ်း များထားရှိရန် စသည်တို့ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် BCI က ဥပဒေကောလိပ်များ နောက်ထပ်တိုးချဲ့ရာ၌ ခက်ခဲနက်နဲသည့် အဆင့်မြင့်ပညာရေးနှင့်အတူ အသက်မွေးဝမ်းကြောင်းဆိုင်ရာစိတ်ချရမှုများဖြင့် ကိုက်ညီသေချာမှု ရှိစေရန်ရည်ရွယ်၍ ဥပဒေကောလိပ်အသစ်များတည်ထောင်မှုကို ၃ နှစ် ဆိုင်းငံ့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://timesofindia.indiatimes.com/education/news/why-will-india-not-have-any-new-law-college-in-the-coming-three-years/articleshow/123454347.cms?utm..

https://www.thehindu.com/news/national/bar-council-of-india-imposes-three-year-moratorium-on-new-law-colleges-nationwide/article69932919.ece.

## ဩစတြေးလျနိုင်ငံ၏ စားသုံးသူကာကွယ်ရေးအဖွဲ့မှ Google ကို ယှဉ်ပြိုင်မှုကန့်သတ်ခြင်းအတွက် ဒဏ်ငွေသတ်မှတ်ခြင်း

၁၈-၈-၂၀၂၅ ရက်နေ့က Google သည် ထုတ်လုပ်သူအချို့နှင့် ဆက်သွယ်ရေးကုမ္ပဏီများ၏ Android မိုဘိုင်းဖုန်းများတွင် ၎င်း၏ရှာဖွေစက်ကိုကြိုတင်ထည့်သွင်းခြင်းဖြင့် ယှဉ်ပြိုင်မှုကိုကန့်သတ်ရာတွင်ပါဝင်ခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။

ဩစတြေးလျနိုင်ငံ၏ယှဉ်ပြိုင်မှုနှင့်စားသုံးသူကာကွယ်ရေးကော်မရှင် (ACCC) သည် ဗဟိုတရားရုံးတွင် Google Asia Pacific အား တရားစွဲဆိုခဲ့ပြီးမှ ဝန်ခံချက်ထွက်ပေါ်လာခြင်းဖြစ်ပြီး ကုမ္ပဏီမှ စုစုပေါင်းဒဏ်ငွေ ၅၅ သန်းအထိ ပေးချေရန် သဘောတူခဲ့ပါသည်။

ACCC စုံစမ်းစစ်ဆေးမှုတွင် Google သည် Telstra နှင့် Optus ဆိုသော ဆက်သွယ်ရေးကုမ္ပဏီနှစ်ခုနှင့်သဘောတူစာချုပ်ချုပ်ထားပြီး Google ၏ ရှာဖွေရေးဝန်ဆောင်မှုများကို စားသုံးသူများအားရောင်းချသည့် Android စက်များတွင် ရှာဖွေရေးဝန်ဆောင်မှုအဖြစ် ကြိုတင်ထည့်သွင်းပေးခြင်းကို ခွင့်ပြုခဲ့ကြောင်း ဖော်ထုတ်ခဲ့သည်။

ACCC ၏ ကော်မရှင်နာဖြစ်သူ Liza Carver က အထူးသီးသန့်ဖြစ်စေရန်အတွက် သဘောတူစာချုပ်များချုပ်ဆိုထားသည့်လုပ်ငန်းများသည် စားသုံးသူရွေးချယ်မှုကို ကန့်သတ်နိုင်သလို ဆန်းသစ်တီထွင်မှုကိုလည်း တားဆီးနိုင်ကြောင်း၊ ဈေးကွက်အင်အားကြီးမားသော ဒီဂျစ်တယ်ပလက်ဖောင်းများသည် ဩစတြေးလျနိုင်ငံ၏ယှဉ်ပြိုင်မှုဥပဒေများအရ ၎င်းတို့၏တာဝန်များကို နားလည်သဘောပေါက်ရမည်ဖြစ်ကြောင်း ပြောဆိုထားပါသည်။

၂၀၁၀ ခုနှစ် ဩစတြေးလျယှဉ်ပြိုင်မှုနှင့်စားသုံးသူဥပဒေ (Australian Competition and Consumer Act 2010)၊ ပုဒ်မ ၄၅(၁)(က) ၏ အဓိကအချက်မှာ ဈေးကွက် သို့မဟုတ် ကုန်သွယ်မှုကို ကန့်သတ်သည့်စာချုပ်များ၊ စီမံချက်များ သို့မဟုတ် နားလည်မှုများကို တားမြစ်ထားခြင်းဖြစ်သည်။ Google Asia Pacific သည် အဆိုပါ ပြဋ္ဌာန်းချက်ကို နှစ်ကြိမ် ချိုးဖောက်ခဲ့ကြောင်း ဝန်ခံခဲ့ပါသည်။

ACCC ၏ ဥက္ကဋ္ဌဖြစ်သူ Gina-Cass Gottlieb က စားသုံးသူများအတွက် ရွေးချယ်ခွင့်နည်းခြင်း၊ ဈေးနှုန်းမြင့်ခြင်း သို့မဟုတ် ဝန်ဆောင်မှုမကောင်းခြင်းကိုဖြစ်စေသော ယှဉ်ပြိုင်မှုကို ကန့်သတ်သည့် အပြုအမူများသည် ဩစတြေးလျတွင် တရားမဝင်ခြင်းကိုဖြစ်စေသည်ဟု ဖော်ပြထားပါသည်။

လွန်ခဲ့သည့်နှစ်က အမေရိကန်ပြည်ထောင်စုဖက်ဒရယ်တရားသူကြီးတစ်ဦးမှ Google သည် အင်တာနက်ရှာဖွေခြင်းနှင့် ကြော်ငြာဈေးကွက်များရှာဖွေခြင်းတို့တွင် တရားမဝင်တစ်ဦးတည်းချုပ်ကိုင်ခဲ့သဖြင့် Sherman Antitrust Act ၏ ပုဒ်မ ၂ ကို ချိုးဖောက်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ Italy ၏ Moltiply ကလည်း ၂၀၁၀ မှ ၂၀၁၇ ခုနှစ်အတွင်း Google Shopping အား ယှဉ်ပြိုင်မှုကိုဆန့်ကျင်သည့် စွဲချက်များနှင့်လွှမ်းမိုးချုပ်ကိုင်မှုများအတွက် မေလတွင် တရားစွဲဆိုခဲ့ကြောင်း၊ အမေရိကန်ပြည်ထောင်စုဖက်ဒရယ်တရားသူကြီးတစ်ဦးက ယခုနှစ်ဧပြီလတွင် Google သည် ကြော်ငြာဈေးကွက်တွင် တရားမဝင်တစ်ဦးတည်းချုပ်ကိုင်ခဲ့သဖြင့် ယှဉ်ပြိုင်မှုဥပဒေကို ချိုးဖောက်ခဲ့သည်ဟု ဆုံးဖြတ်ကြောင်း ဖော်ပြခဲ့ပါသည်။

ထို့ပြင် ယခုလအစောပိုင်းက Google သည် Android app ဖြန့်ချိရေးနှင့် Android in-app ငွေပေးချေမှုဝန်ဆောင်မှုဈေးကွက်များတွင် တစ်ဦးတည်းလွှမ်းမိုးချုပ်ကိုင်ခြင်းကို တရားမဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဗဟိုနှင့် California ဥပဒေများကို ချိုးဖောက်ခဲ့ကြောင်းကို အမေရိကန်ပြည်ထောင်စုအယူခံတရားရုံးက သတ်မှတ်ခဲ့သည့်ယခင်ဆုံးဖြတ်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/news/2025/08/Australia-consumer-watchdog-fines-google-for-anti-competitive-practices/#

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် ( ၂၂ ) ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၉ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

